**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ရီယာဒ်မြို့**

## ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်ကြိုတင်ဆန္ဒမဲပေးရန်အတွက် မြန်မာနိုင်ငံသား များထံ အသိပေးအကြောင်းကြားခြင်း

၁။ လစ်လပ်နေသောပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ် နိုင်ရန်အတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီလ(၁)ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝှမ်း လစ်လပ်နေသောမဲဆန္ဒနယ်များကို ပူးတွဲ ဖော်ပြထားပါသည်။

၂။ ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံတော်ပြင်ပတွင်ခေတ္တရောက်ရှိနေပြီး ပူးတွဲဖော်ပြပါမဲဆန္ဒနယ်များတွင် အမြဲတမ်းနေထိုင်လျက်ရှိကြသော ပြင်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် နီးစပ်ရာမြန်မာသံရုံးများတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ပါသည်။

၃။ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် မိမိတို့အမြဲတမ်းနေထိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လျှောက်ထားနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ထားသည့် ပြင်ပရောက် မြန်မာနိုင်ငံသားဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ပတ်သက်၍ ဖြည့်စွက်ရန်ပုံစံ(၁၅)ကို ပြည့်စုံစွာဖြည့်စွက်ပြီး ကြိုတင်ဆန္ဒမဲပေးမည့်သူကိုယ်တိုင်လက်မှတ်ရေးထိုးရပါမည်။ အဆိုပါပုံစံ(၁၅)ကို ရီယာဒ်မြို့ မြန်မာသံရုံး၏ Website www.meriyadh.org တွင် download ရယူနိုင်ပါသည်။

၄။ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်နေသောမဲဆန္ဒနယ်များအတွက် ကြိုတင်ဆန္ဒမဲပေးလိုသော ပြင်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် ပုံစံ(၁၅)ကို ပြည့်စုံစွာဖြည့်စွက်ကာ မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူနှင့်အတူ **ရီယာဒ်မြို့ မြန်မာသံရုံး၏ အီးမေးလ်** meriyadh2007@gmail.com **သို့ ၅-၁၂-၂၀၁၆ရက်နေ့နောက်ဆုံးထားပြီး** ပေးပို့ရမည် ဖြစ်ပါသည်။ ပုံစံ(၁၅)ကိုဖြည့်စွက်သည့်အခါ မဲဆန္ဒရှင်ရောက်ရှိနေသည့် ပြည်ပလိပ်စာကို အင်္ဂလိပ်ဘာသာဖြင့်ဖြည့်စွက်ပေးရန်နှင့် မြန်မာသံရုံးသို့ အီးမေးလ်ဖြင့်ပေးပို့သည့်အခါ မဲဆန္ဒရှင်၏ ဆက်သွယ်ရန် တယ်လီဖုန်းနှင့်အီးမေးလ်လိပ်စာတို့ကိုလည်း ဖော်ပြပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

၅။ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံဖွင့်လှစ်မည့်ရက်ကိုနှင့်အချိန်ကို ထပ်မံကြေညာပါမည်။

၆။ ရီယာဒ်မြို့ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲပေးမည့် မြန်မာနိုင်ငံသားများအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံဗီဇာရယူရေးကိစ္စ၊ လေယာဉ်လက်မှတ်အသွား/အပြန်၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆော်ဒီအာရေဗျနိုင်ငံမှအပြန်ခရီးအတွက် Exit Visa ရယူရေး စသည့် အုပ်ချုပ်မှုကိစ္စအဝဝကို ကြိုတင်ဆန္ဒမဲပေးရန်လာရောက်မည့် မြန်မာနိုင်ငံသားများကိုယ်တိုင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ဆော်ဒီအာရေဗျနိုင်ငံ၏ ဓလေ့ထုံးတမ်းဥပဒေအရ အမျိုးသမီးများအား အုပ်ထိန်းသူမပါဘဲသွားလာခွင့်မပြုပါကြောင်းနှင့် အမျိုးသမီးများအနေဖြင့် ခြုံလွှာအမဲ (Abaya (Arabic name)/Veil) ဝတ်ဆင်၍ခရီးသွားလာရမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၇။ ရီယာဒ်မြို့၊ မြန်မာသံရုံး၏လိပ်စာနှင့်ဖုန်းအမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

Embassy of the Republic of the Union of Myanmar
Villa No.5 Al-Kadi Street
King Fahd Area, Riyadh
(Off Prince Ahmed Bin Abdulaziz Road)
Tel: 229 3523, 2293525
Fax; 2293306
Email: meriyadh2007@gmail.com

၈။ အကယ်၍ မရှင်းလင်းသည်များရှိပါက အောက်ဖော်ပြပါပုဂ္ဂိုလ်ထံ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်-

ဦးသိန်းဝင်း
ပထမအတွင်းဝန်
မြန်မာသံရုံး၊ ရီယာဒ်မြို့
လက်ကိုင်ဖုန်း- ၀၅၆ ၇၉၃ ၇၉၈၁
Email: meriyadh2007@gmail.com

**မြန်မာသံရုံး၊ရီယာဒ်မြို့**

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၃ / ၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

## လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက် (၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်) စနေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် အောက်ပါ မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ် ကြေညာလိုက်သည် -

| | လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|---|
| (၁) | မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မုံရွာ |
| (၂) | ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောင်းဆုံ |
| (၃) | အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အမ်း |
| (၄) | လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်သာယာ |
| (၅) | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဒဂုံမြို့သစ်(ဆိပ်ကမ်း) |
| (၆) | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း) |
| (၇) | ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့မှူး |
| (၈) | ကျေးသီးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ကျေးသီး |
| (၉) | မိုင်းရှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းရှူး |

| လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
| --- | --- |
| (၁) ချင်းပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၃) | ထန်တလန် |
| (၂) ပဲခူးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၄) | ကျောက်တံခါး၊ ညောင်လေးပင် |
| (၃) ရန်ကုန်တိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၆) | ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်၊ အလုံ |

| လစ်လပ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
| --- | --- |
| (၁) ဖရူဆိုမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | ဖရူဆို |
| (၂) ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ကျိုင်းတုံ |
| (၃) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | ကျေးသီး |
| (၄) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ကျေးသီး |
| (၅) ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | ညောင်ရွှေ |
| (၆) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | မိုင်းရှူး |
| (၇) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | မိုင်းရှူး |

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်